# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 8 , 2024 Volume 74, Number 5

## ဆန်စက်နှင့်သိုလှောင်ရုံများကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ပုသိမ်စက်မှုစီမံကိန်းရုံး၌ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းလယ်ယာထွက်ကုန် ဈေးကွက်တည်ငြိမ်စေရန်၊ တောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်၊ စက်ရုံများအားလုံး လည်ပတ်ရေးဆောင်ရွက်ရန်၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်များတိုးချဲ့ရန်၊ အရည်အသွေးကောင်းအောင် စီမံခန့်ခွဲရန်နှင့် ကုန်သွယ်မှုသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိအောင် ချိတ်ဆက်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဟသ်ာ Trading Co.,Ltd ၏ ပုသိမ်ဆန်စက်ကိုလည်းကောင်း၊ ဧရာဝတီအပြည်ပြည်ဆိုင်ရာ စက်မှုဆိပ်ကမ်းကိုလည်းကောင်း၊ SHUANGXI (စွန်းချီ) ပုသိမ် Garments Co., Ltd. အထည်ချုပ်စက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ Ayeyawaddy Fisheries Ltd. အအေးခန်းစက်ရုံတွင် ပုစွန်သားပေါက်မွေးမြူရေးမှ ပြည်ပသို့တင်ပို့

၈.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၁၂၀၀၀ |
| ဒေါ်လာဈေး | = ၃၄၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

| | |
|---|---|
| ဖုန်း | ၀၁-၃၇၁၂၀၃ |
| | ၀၁-၃၇၆၄၁၆ |
| | ၀၁-၃၇၆၄၉၀ |
| ဖက်စ် | ၀၁- ၃၇၆၄၁၆ |

http://www.myantrade.gov.mm

သည့် ကုန်ချောထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူသည့်နိုင်ငံ၏ လိုအပ်ချက်စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရန်၊ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်နှင့် ပြည်ပသို့ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့ Paddy Star ဆန်စက်နှင့် သိုလှောင်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့ရှိ Shwe Me Group of Company ၏ ပြောင်းသိုလှောင်ရုံသို့ရောက်ရှိပြီး သိုလှောင်ရုံအတွင်း ပြည်ပသို့တင်ပို့ရန် ပြောင်းများသန့်စင်ပြီး ထုပ်ပိုးနေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်တွင်းတိရစ္ဆာန် အစားအစာဖူလုံမှုရှိပြီး ပိုလျှံသည့်ပြောင်းဖူးစေ့များ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်ရရှိရေးကို သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/50592

## သန့်စင်ပြီး ပဲသိုလှောင်ထားရှိမှု၊ အဆင့်မြင့်ဆန် သိုလှောင်ထားရှိမှုနှင့် မွေးမြူရေးငါး ထုတ်လုပ်ရောင်းချမှုကို ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ Bright Light Group Ltd. ၏ ပဲသန့်စင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် ပဲများသန့်စင်ကြိတ်ခွဲထုပ်ပိုးနေမှု၊ သန့်စင်ပြီး ပဲသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိရေးကို ဦးစားပေးဆောင်ရွက်ရန်၊ ပြည်တွင်းစားသုံးမှုပိုလျှံမှသာ ပြည်ပသို့ပို့ကုန်အဖြစ် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ ပြည်ပသို့တင်ပို့ရာတွင် အတားအဆီးနှင့် ကန့်သတ်ချက်များလျှော့ချရန်၊ ဈေးကွက်ရရှိရေးနှင့်တန်းတူအခွင့်အရေးရရှိရန်၊ အဆင့်မီပို့ကုန်များရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်၍ စက်ပစ္စည်းများ အရည်အသွေးမြှင့်တင်ရန်၊ အလွှာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Arkar Oo Co.,Ltd. ၏ ပဲသန့်စင်စက်၊ ပဲအချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန် ပဲများကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးပြီး တင်ပို့ရန် ပြင်ဆင်သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်းများ မကျန်ရှိစေရန်နှင့် သီးနှံများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ရောင်းချရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ Good Brother's Co.,Ltd. ၏ အဆင့်မြင့် ဆန်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် အဆင့်မြင့်ဆန်များ သန့်စင်ခြင်း၊ ထပ်မံကြိတ်ခွဲခြင်း၊ ဆန်ကွဲခွဲထုတ်ခြင်း၊ ဆန်အရောင်တင်ခြင်းနှင့် အရောင်ခွဲခြားခြင်း၊ သတ်မှတ်အရည်အသွေးပြည့်မီရေး စစ်ဆေးခြင်း၊ အိတ်သွတ်ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များ၊ တိရစ္ဆာန်အစားအစာအတွက် သိုလှောင်ထားရှိခြင်း၊ စပါးခွံလောင်စာတောင့် ထုတ်လုပ်ခြင်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့ရှိ ဝန်ကြီးဌာနပိုင် ဧက ၁၀၀ ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းသက်သာရန်ပုံငွေ တိုးပွားရေးအတွက် ငါးများပိုမိုမွေးမြူထုတ်လုပ်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပန်းတနော်မြို့ရှိ Global Earth Agro and Aqua ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန်အတွက် ရေထွက်ကုန်ပစ္စည်းများထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုအားပေးပြီး ပြည်ပဈေးကွက်ရရှိအောင်ဆောင်ရွက်ရန်၊ မှန်ကန်သည့် ကုန်သွယ်မှု

ဖြစ်ပေါ်စေရေးနှင့် ဒေသတွင်းကုန်သွယ်ဖက်နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်းချိတ်ဆက်၍ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်ဝစေရန်တို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ကြရန်၊ အဂတိလုံးဝကင်းရှင်းရန်နှင့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းအားပြည့်ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/50559

## မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် စခန်းပြောင်းလဲတင်ပို့၊ တင်သွင်းခွင့်ပြုမည်ဟု ထုတ်ပြန်

မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် စခန်းပြောင်းလဲတင်ပို့၊ တင်သွင်းခွင့်ပြုမည်ဟု ကုန်သွယ်ရေးဦးစီးဌာနက ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသည့် မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် နယ်စပ်မှတင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ အခြားမည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲတင်ပို့ခွင့်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ပင်လယ်ရေကြောင်းမှ တင်ပို့လိုပါကလည်း ပြောင်းလဲခွင့်ပြုပေးမည်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

အလားတူ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မတိုင်မီ မြဝတီကုန်သွယ်ရေးဇုန်မှ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ကုန်ပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ အခြားမည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်သွင်းလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းသုံး စက်ပစ္စည်းများနှင့် ကွန်တိန်နာဖြင့်သယ်ဆောင်ရသည့် စက်မှုကုန်ကြမ်းပစ္စည်းများကို ကိစ္စရပ်တစ်ခုချင်းအပေါ်မူတည်၍စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**Source:** https://news-eleven.com/article/286666

## ပြည်ပပို့ကုန်တင်ပို့နိုင်မှုအခြေအနေ

(၂၃-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ ) ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၂၀၀၀ | ၁၁၂၄.၂၅၁ | ၂၀၄ | ၁၅၄.၄၇၅ | ၂၂၀၄ | ၁၂၇၈.၇၂၆ |
| ၂ | အမှန်တင်ပို့မှု | | ၁၈၆.၇၁၉ | | ၉၁.၇၅၄ | | ၂၇၈.၄၇၃ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၆၃.၆၇၆ | | ၁၇.၂၆၇ | | ၈၀.၉၄၃ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၈၆ | | ၀.၁၀၀ | | ၀.၁၈၆ |
| (ဂ) | ရေထွက်ပစ္စည်း | | ၆.၈၀၄ | | ၃.၅၁၀ | | ၁၀.၃၁၄ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၁၀.၂၃၆ | | ၀.၁၃၄ | | ၁၀.၃၇၀ |
| (င) | သစ်တောထွက်ပစ္စည်း | | ၀.၆၈၅ | | | | ၀.၆၈၅ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၉၂.၈၉၁ | | ၇၀.၄၉၂ | | ၁၆၃.၃၈၃ |
| (ဆ) | အခြားပစ္စည်းများ | | ၁၂.၃၄၁ | | ၀.၂၅၁ | | ၁၂.၅၉၂ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုး စာရင်း
၁-၄-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၅၀၈၆၁၁၀၉၆ | ၃၂၅၇.၇၅၁ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၅၆၄၀၈၆၁၀ | ၂၄၉၁.၈၀၄ |
| ၃ | မတ်ပဲ | တန် | ၅၇၉၇၅၆ | ၅၂၉.၆၇၃ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၉၉၀၀၈၆ | ၄၇၈.၂၆၉ |
| ၅ | ပြောင်း | တန် | ၉၃၄၈၈၃ | ၂၇၉.၀၄၂ |
| ၆ | ငါး | တန် | ၂၂၃၀၁၄ | ၂၅၈.၇၄၈ |
| ၇ | ပဲတီစိမ်း | တန် | ၂၉၉၈၅၀ | ၂၀၃.၂၀၁ |
| ၈ | ရာဘာစိမ်း | တန် | ၁၁၄၈၅၅ | ၁၄၄.၀၄၆ |
| ၉ | ပဲစင်းငုံ | တန် | ၁၁၆၇၆၉ | ၁၀၅.၀၂၄ |
| ၁၀ | သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၈၄၉၂၇ | ၈၅.၉၆၂ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၆၆၉.၅၆၇ |
| ၂ | တရုတ် | ၂၂၀၅.၆၃၁ |
| ၃ | ဂျပန် | ၈၆၂.၂၃၂ |
| ၄ | အိန္ဒိယ | ၆၂၇.၀၄၈ |
| ၅ | အမေရိကန် | ၄၄၂.၄၇၂ |
| ၆ | ဂျာမနီ | ၄၀၃.၀၀၂ |
| ၇ | ပိုလန် | ၃၆၈.၃၄၆ |
| ၈ | စပိန် | ၃၃၃.၀၅၉ |
| ၉ | တောင်ကိုရီးယား | ၂၉၃.၆၂၄ |
| ၁၀ | အီတလီ | ၂၃၈.၂၄၂ |

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၃ ရက် မှ ၂၉ ရက်ထိ) ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိခဲ့သည်။ ယခုရက်သတ္တပတ်တွင် လယ်ယာထွက်ကုန်များမှ ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယင်း၊ စွန်တာနီ/စွန်တာပြာ၊ ပဲနီကြီး၊ မြေပဲဆန်တို့ ပိုမိုတင်ပို့နိုင်ခဲ့သည်။ စားဖိုဆောင်

သီးနှံများဖြစ်သည့် ငရုတ်၊ ချင်း၊ မန်ကျည်းသီး၊ နနွင်းတက်၊ ကြက်သွန်နီများကိုလည်း တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ယီမင်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နိုင်ငံ ဈေးကွက်များသို့ ပမာဏများများ တင်ပို့နိုင်လျက်ရှိသည်။

မြန်မာ့ပဲမျိုးစုံ၏ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံသည် မတ်ပဲ၊ ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်၊ မတ်လအထိ တစ်နှစ်သက်တမ်းတိုးလိုက်ပြီး ယခုနှစ်အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်အရ ဝယ်လိုအားများလျက်ရှိသည်။ ယခုအပတ် အိန္ဒိယဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ၈၆,၀၀၀ မှ ၈၈,၀၀၀ ရူပီး၊ ပဲစင်းငုံတစ်တန်လျှင် ၉၀,၅၀၀ မှ ၉၃,၀၀၀ ရူပီး အထိပေါက်ဈေးရှိပြီး လက်ရှိပဲရာသီ၌ ပြည်တွင်းဈေးမှာ ပဲစင်းငုံမှာ ကျပ် ၃၃ သိန်းကျော်၊ မတ်ပဲ (FAQ) မှာ တစ်တန်လျှင် ကျပ် ၃၀ သိန်းဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပပို့ကုန်အလားအလာသည် ဝယ်လက်နိုင်ငံများ၏ ပြည်တွင်းလိုအပ်ချက်၊ ဈေးနှုန်းရရှိမှုပေါ် မူတည်လျက်ရှိသည်။ မိမိတို့နိုင်ငံအနေဖြင့် အလားအလာရှိသော ပြည်ပဈေးကွက်များသို့ ပိုမိုတိုးတက်တင်ပို့နိုင်ရေးကို စိုက်ပျိုးသူတောင်သူများ၊ ကုန်ထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာများအားလုံး ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုရက်သတ္တပတ်၌ နိုင်ငံပိုင်ကဏ္ဍမှ မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချထားသည့် ကျောက်စိမ်း ၄၁၃၉ ကီလိုကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ကျောက်စိမ်း ၃၉၁၈ ကီလိုကို ဩစတြေးလျနိုင်ငံသို့လည်းကောင်း လေကြောင်းလိုင်းဖြင့် တင်ပို့ခဲ့သည်။ ပုဂ္ဂလိကကုမ္ပဏီအသီးသီးမှလည်း အခြား ခဲ၊ သွပ်၊ ကြေးနီ၊ သတ္တုတွင်းထွက်ပစ္စည်းများ တန်ဖိုး အမေရိကန်ဒေါ်လာ ၈ သန်းကျော်ကို တရုတ်၊ ထိုင်း၊ ကိုရီးယား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့မှုရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုမှ ပြည်ပပို့ကုန် တိုးတက်လာစေရေးကို အဖက်ဖက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ တန်ဖိုးမြင့်ထုတ်လုပ်နိုင်ရေး၊ ရေမြေသဘာဝအလျောက် အရည်အသွေးရှိသော သဘာဝတွင်းထွက် ထုတ်ကုန်ကုန်ကြမ်းများအား တီထွင်ဆန်းသစ်သောနည်းလမ်းများဖြင့် အဆင့်မြှင့်တင်ပြီးတင်ပို့နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ယခုရက်သတ္တပတ် ပို့ကုန်တင်ပို့နိုင်မှုအခြေအနေအား ဖော်ပြတိုက်တွန်းအပ်ပါသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## လပွတ္တာမြို့နယ်မှထွက်ရှိသော နေလှန်းဆားများ ဒေသဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှထွက်ရှိသော နေလှန်းဆားများ ဒေသဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေသန်း၏ ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသော နေလှန်းဆားများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ လက်ရှိအချိန်ထိ ဒေသဈေးကွက်အပြင် မော်လမြိုင်ကျွန်းမြို့နယ်၊ ဘိုကလေးမြို့နယ်၊ မအူပင်မြို့နယ်နှင့် တခြားဒေသများမှ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်သည်။

"ဒီနှစ် နေလှန်းဆားတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းမှာ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းလုပ်ကိုင်တဲ့ရာသီဖြစ်လို့ အခုလိုဒေသထွက်ဆားတွေ ဝယ်လိုအားကောင်းနေတာပါ။ လက်ရှိအချိန်က ဆား လက်ကျန်တွေပဲရှိတော့တယ်။ အခု ဆားလက်ကျန်တွေကိုပဲ ရောင်းနေတာပါ။ အခုလို ဆားဝယ်လိုအားကောင်းလာတော့ ဆားထုတ်လုပ်တဲ့တောင်သူတွေလည်း အဆင်ပြေလာတာတွေ့ရပါတယ်။ ဒေသထွက်ဆားတွေကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စပြီး ရန်ကုန်ဘက်က ဝယ်လက်တွေက ဝယ်လိုအားများလာတာပါ"ဟု ဒေါ်ဆွေဆွေသန်းကပြောသည်။

လပွတ္တာမြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျချက်လုပ်ပြီး မှာယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိက အသုံးပြုကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/50563

## အုန်းသီးစွန့်ပစ်ပစ္စည်းမှ မီးသွေးထုတ်ရန် မြန်မာ့အုန်းသီး တရုတ်အဝယ်လိုက်



တရုတ်နိုင်ငံက အုန်းသီးစွန့်ပစ်ပစ္စည်းဖြစ်တဲ့ အုန်းမှုတ်ခွက်ကို မီးသွေးအဖြစ် ပြောင်းလဲထုတ်လုပ်ဖို့ ရသလောက် ဝယ်ယူနေတာကြောင့် မြန်မာ့အုန်းသီး အဝယ်လိုက်နေကြောင်း အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်အသိုင်းအဝိုင်း ကနေ သိရပါတယ်။

အုန်းမှုတ်ခွက်မီးသွေးဆိုတာရှိတယ်။ သူကလည်း ပြည်ပဈေးကွက်ကို တော်တော်တိုးတာပေါ့။ တရုတ်က ရသလောက်ဝယ်နေတာ။ အဲဒီ ဈေးကွက်က နည်းနည်းကြီးတယ်လို့ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

လက်ရှိကာလဟာ နွေဦးပေါက်မဲ့ကာလဖြစ်လို့ အုန်းသီးဈေးနှုန်းတွေတက်နေပြီး ဝယ်လိုအားလည်း တက်နေတယ်လို့ သိရပါတယ်။

အုန်းမှုတ်ခွက်မီးသွေးဆိုတာ အုန်းသီးအသားကိုယူလိုက်တဲ့အခါ အုန်းမှုတ်ခွက်ကျန်တယ်လေ။ အခြေခံကတော့ ကာဗွန်ထုတ်တာပေါ့။ အဲဒါက ပြည်ပဈေးကွက်မှာ တော်တော်တွင်ကျယ်တယ်လို့ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်က ရှင်းပြပါတယ်။

"မြန်မာ့အုန်းသီးဈေးကွက်မှာ မန္တလေးဈေးကွက်က အကြီးဆုံးဖြစ်ပြီး မန္တလေးဈေးကွက်ကတစ်ဆင့် တရုတ်နဲ့ထိုင်းနိုင်ငံတို့က ဝယ်ယူနေတာပါ။ မန္တလေးကတစ်ဆင့် တရုတ်ပြည်ကိုသွားတယ်။ မြဝတီကတစ်ဆင့် ထိုင်းဘက်ကိုသွားတယ်။ ဘင်္ဂလားဒေ့ရှ်ကလည်း တက်ဝယ်တယ်။ သူက သင်္ဘောတွေမှာ တက်ဝယ်တာ"လို့ ရန်ကုန်မြို့က အုန်းသီးအရောင်းဒိုင်ပိုင်ရှင်တစ်ဦးကပြောပါတယ်။

အုန်းသီးကို ဧရာဝတီတိုင်းဒေသကြီးနဲ့ရခိုင်ပြည်နယ်တို့မှာ အများဆုံးစိုက်ပျိုးပြီး မိုးရာသီကုန်မှ ပြည်ပဈေးကွက်ထံ တင်ပို့ရောင်းချခြင်းဖြစ်ကာ မိုးမကုန်မချင်း ပြည်တွင်းဈေးကွက်မှာပဲ ရောင်းချရကြောင်း သိရပါတယ်။

လက်ရှိမှာ အုန်းသီးကထွက်ရှိတဲ့ကုန်ကြမ်းကို ဓာတ်မြေဩဇာအပါအဝင် လူသုံးကုန်နဲ့အလှကုန်ထုတ်လုပ်တဲ့နေရာတွေမှာလည်း အသုံးပြုကြပါတယ်။

အုန်းခွံ၊ အုန်းမှုတ်ခွက်တို့နဲ့ပြုလုပ်တဲ့ အနုအပညာလက်ရာများကို လက်ရာမြောက်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့နိုင်ရေး စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။

**Source: BETV Business**

## အိန္ဒိယဝယ်လိုအားကြောင့် ပဲစင်းငုံဈေးမြင့်

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ပဲစင်းငုံဈေး တစ်တန်လျှင် ကျပ် ၃၃ သိန်းကျော်အထိ မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ပဲစင်းငုံအား ဝယ်ယူတင်သွင်းလာနိုင်မှုကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်ပြီး ၂၀၂၃ခုနှစ် ဒီဇင်ဘာလက ပဲစင်းငုံဈေးမှာ ကျပ်သိန်း ၃၀ ဝန်းကျင်သာရှိခဲ့သော်လည်း ဇန်နဝါရီလဆန်းပိုင်းတွင် ကျပ်နှစ်သိန်းကျော် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ့မတ်ပဲနှင့်ပဲစင်းငုံအပါအဝင် ပဲမျိုးစုံအား လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒအား အိန္ဒိယက ၂၀၂၅ ခုနှစ်အထိ သက်တမ်းတစ်နှစ်ထပ်မံတိုးမြှင့်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်း မြန်မာ့ပဲစင်းငုံတန်ချိန် လေးသိန်းနှင့် မတ်ပဲ

တန်ချိန် တစ်သန်းကို အိန္ဒိယက ဝယ်ယူတင်သွင်းရန်ရှိကြောင်း Economic Times သတင်းဌာနက ဖော်ပြခဲ့သည်။

ပဲမျိုးစုံ တင်သွင်းရေးမူဝါဒ ၂၀၂၄ ခုနှစ် မတ်လတွင်ကုန်ဆုံးမည်ဖြစ်ခြင်းကြောင့် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်အထိ အိန္ဒိယ အစိုးရနိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT)က သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အိန္ဒိယဝယ်လိုအားကြောင့် ပဲစင်းငုံလက်ကျန်နည်းပါးလာနေပြီး အဝယ်မြင့်တက်လာနေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## သွင်းကုန်ဖြတ်တောက်ရန်ရည်ရွယ်ထားသော အိန္ဒိယသည် ပြည်တွင်းမှ ပဲမျိုးစုံဝယ်ယူရန် e-portal ကို လွှင့်တင်ခဲ့ခြင်း

အိန္ဒိယ၏ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး Amit Shah က ပဲစင်းငုံနှင့်ပဲမျိုးစုံကို ဈေးကွက်ပေါက်ဈေးထက်ပို၍ ဝယ်ယူနိုင်ရန် e-portal ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်ခဲ့ပါသည်။ လယ်သမားများအနေဖြင့်ရောင်းချရန် ရည်ရွယ်ထားသော လက်ကျန်ကုန်များကို အဆိုပါ e-portal မှ တဆင့် မှတ်ပုံတင်ပြုလုပ် စာရင်းရေးသွင်းရမည်ဖြစ်ပါသည်။

ယခုစီမံကိန်းသည် လယ်သမားဗဟိုပြုပြီး ပဲစင်းငုံနှင့်ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအား ပိုမိုကောင်းမွန်သော ဈေးနှုန်းများရရှိစေရန်၊ လွယ်ကူချောမွေ့သောလုပ်ငန်းစဉ်များနှင့် တိုက်ရိုက်ဘဏ်ငွေလွှဲမှုများမှတစ်ဆင့် ပြည်တွင်းပဲမျိုးစုံ ထုတ်လုပ်မှုကိုမြှင့်တင်ရန်နှင့် သွင်းကုန်မှီခိုနေရမှုကိုလျှော့ချရန် ရည်ရွယ်ထားကြောင်း အစိုးရကပြောကြားခဲ့သည်။

ပဲမျိုးစုံကို အိန္ဒိယ၏ အမျိုးသားလယ်ယာဈေးကွက်ရှာဖွေရေးအသင်း (National Agricultural Cooperative Marketing Federation of India-NAFED) နှင့် အမျိုးသားစားသုံးသူအသင်း (National Cooperative Consumers' Federation of India-NCCF) ကဲ့သို့သော အစိုးရကျောထောက်နောက်ခံရှိသည့် သမဝါယမများက ဝယ်ယူသွားမည်ဖြစ်သည်။ အနိမ့်ဆုံး ထောက်ပံ့ကြေး (Minimum Support Price-MSP) သို့မဟုတ် ဈေးကွက်ပေါက်ဈေး ၂ မျိုးအနက် ပိုမြင့်သောဈေးကို တောင်သူများအား ပေးရမည်ဖြစ်သည်။

Portal မှတစ်ဆင့် မှတ်ပုံတင်ခြင်း၊ ဝယ်ယူခြင်းနှင့်ငွေပေးချေခြင်းလုပ်ငန်းစဉ်ကို ကြားခံတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်ပြီး မှတ်ပုံတင်ခြင်းကို တိုက်ရိုက် သို့မဟုတ် အခြေခံစိုက်ပျိုးရေးချေးငွေအသင်းများ (Primary Agricultural Credit Societies-PACS) နှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများအသင်း (Farmer Producer Organizations-FPO) တို့မှတစ်ဆင့် လုပ်ဆောင်နိုင်ပါသည်။ တောင်သူများအား ငွေပေးချေမှုကို အမျိုးသားလယ်ယာဈေးကွက်ရှာဖွေရေးအသင်း NAFED မှ လမ်းကြောင်းချိတ်ဆက်ထားသော လယ်သမား၏ဘဏ်အကောင့် (mapped account) ထဲသို့ တိုက်ရိုက်ပေးချေမည်ဖြစ်ပြီး ကြားတွင်မည်သည့်အေဂျင်စီမှ ပါဝင်မည်မဟုတ်ပါ။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် လယ်သမားများထံမှ အရန်အဖြစ်သိမ်းထားသော ပဲမျိုးစုံ ၈၀ ရာခိုင်နှုန်းကို တိုက်ရိုက် ဝယ်ယူနိုင်ပြီး လယ်သမားများအတွက်လည်း လုံလောက်သောငွေကြေးရရှိကာ အစိုးရအနေဖြင့် သွင်းကုန်အပေါ် မှီခိုအားထားမှုကိုလျှော့ချရန် ရည်ရွယ်ပါသည်။ အစိုးရ၏ ခန့်မှန်းချက်အရ အိန္ဒိယသည် လက်ရှိဘဏ္ဍာနှစ်တွင် ပဲတန်ချိန် ၁၂ သိန်း တင်သွင်းထားပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် ၃၅ ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့ပါသည်။

Source: CNBC

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%9E%E1%

# STOCK EXCHANGE (8.1.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,248 (Shares) | 30,941,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,700 | 8,800 | 8,700 | 1,285 | 11,203,100 | 33,109,694 | 291,365 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,800 | 1,124 | 3,198,400 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | -400 | -4.94% | 8,100 | 8,100 | 7,600 | 236 | 1,813,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,550 | 1,550 | 970 | 1,503,500 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 2 | 5,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 690 | 1,345,500 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 24 | 112,800 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 6,917 | 11,759,700 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.39 | -0.21 | -0.06% | 366.48 | 366.48 | 363.09 | 11,248 | 30,941,800 | 8 | 689,202 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 11,248 (Shares) | 30,941,800 (MMK) |

### Main Board

As of 1:00 pm, 8th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,248 (Shares) | 30,941,800 (MMK) |

| MYANPIX | 365.39 ▼ 0.21 |
|---|---|
| Total Volume (shares) | 11,248 |
| Total Value (MMK) | 31 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,202 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,700 | ▼ 400 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |